**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ/ ဆ၀/ ၂၀၁၉ (၂၄၄၇ )

ရက်စွဲ၊၂၀၁၉ ခုနှစ်၊ ဇွန် လ ၁၄ ရက်

အကြောင်းအရာ။ **တတိယအကြိမ်အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်သင်တန်းသို့ သင်တန်းတက်ရောက်ရန် စာရင်း ထုတ်ပြန်ကြေ်ငြာခြင်း**

၁။ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် သက်ဆိုင်ရာပညာရှင်များ ပူးပေါင်း၍ တတိယအကြိမ်မြောက် ဖွင့်လှစ်မည့် အာဆီယံတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်စာဆိုင်ရာ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်သင်တန်းအား (၁၇-၆-၂၀၁၉)ရက်နေ့မှ (၂၂-၆-၂၀၁၉)ရက်နေ့အထိ အမျိုးသားပရဆေးဥယျာဉ်၊ နေပြည်တော်၌ သင်တန်းဖွင့်လှစ်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံများမှ သင်တန်းတက်ရောက်ရန်အတွက် သင်တန်းသား/ သူ (၆၃)ဦး စာရင်းကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေ်ငြာလိုက်သည်။

၂။ သို့ဖြစ်ပါ၍ သင်တန်းတက်ရောက်နိုင်ရန်အတွက် ဆက်လက်အကြောင်းကြားပေးရန်နှင့် ရွေးချယ်ခြင်း ခံရသော သင်တန်းသား/သူ များသည် တက်ရောက်ရန်စာရင်း အတည်ပြုခြင်းအား (၁၄- ၆- ၂၀၁၉)ရက်နေ့ နောက်ဆုံးထား ဆောင်ရွက်ပေးကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

(ဒေါက်တာ မိုးဆွေ)

ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန

ညွှန်ကြားရေးမှူး(ဆေးဝါး/ဥယျာဉ်)၊ တိုင်းရင်းဆေးပညာဦးစီးဌာန

သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအားလုံး (သက်ဆိုင်ရာ လုပ်ငန်းရှင်များသို ဆက်လက်အကြောင်းကြားရန် ညွှန်ကြားချက်ဖြင့်)

မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (ယာယီ)

ရုံးလက်ခံ/ မျှောစာတွဲ